LIFT Learning Paper

# မြန်မာနိုင်ငံရှိ မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးခြင်း အစီအစဉ်

## မြန်မာနိုင်ငံရှိ အာဟာရချို့တဲ့မှု

ပုညက်မှုသည် အာဟာရမပြည့်ဝခြင်း၏ အဓိကညွှန်းကိန်းဖြစ်ပြီး မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေး ဆိုင်ရာ အချက်အလက် စစ်တမ်း (၂၀၁၅-၂၀၁၆) အရ မြန်မာနိုင်ငံတွင် အသက် ငါးနှစ်အောက် ကလေးများ၏ ၂၉ရာခိုင်နှုန်းမှာ ပုညက်နေပါသည်။ ချင်းနှင့်ရခိုင် ပြည်နယ်များကဲ့သို့ ပိုမိုနွမ်းပါးသည့် ဒေသများရှိ ပုညက်နှုန်းမှာ ကျန်ဒေသများထက် သိသိသာသာမြင့်မားလျက်ရှိသည်။

## မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးမှု၏ ကနဦးအစနှင့် အစိုးရ၏ ခိုင်မာသော ကတိကဝတ်ပြုမှု

အေဂျင်စီအများအပြားပံ့ပိုးပါဝင်သည့် ပထမဆုံးသော အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ စီမံချက်ကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ၂၀၁၄ခုနှစ်တွင် ရေးဆွဲခဲ့သည်။ အချိန်ကာလတခုအတွင်း တနိုင်ငံလုံးလွှမ်းခြုံနိုင်မည့် အားလုံးအကျုံးဝင်ပါဝင်သော လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်တခုကို ထူထောင်ရန်အတွက် ရည်မှန်းချက် ပန်းတိုင်တခု ချမှတ်ခဲ့သည်။ ၎င်းအစီအစဉ်ကို လူမှုဝန်ထမ်းဦး စီးဌာနက စီမံခန့်ခွဲပြီး ကိုယ်ဝန်ဆောင် မိခင်များ၊ ကလေးများ၊ မသန်စွမ်း နှင့် သက်ကြီးရွယ်အိုများ ကဲ့သို့သော ထိခိုက်လွယ်ပြီး အခြေခံဝန်ဆောင်မှုများကို လက်လှမ်းမမီကြသည့် ရပ်ရွာလူထုများအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ ပါသည်။ ကိုယ်ဝန်ဆောင် မိခင်များ နှင့် အသက် နှစ်နှစ်အောက် ကလေးငယ်များကို ပံ့ပိုးပေး ရန်မှာ အရေးကြီးသည့် ဦးစားပေးကဏ္ဍဖြစ်ရာ ယင်းမှ မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးသည့် အစီအစဉ် (ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးပံ့ပိုးခြင်း - Maternal and child cash transfer - MCCT) ဖြစ်ထွန်းလာခဲ့သည်။

MCCT အစီအစဉ်သည် ကလေးများကို ပုညက်ခြင်းမှ ကာကွယ်ရန်အတွက် နည်းလမ်းနှစ်သွယ် ပေါင်းစပ်အသုံးပြုရန် ရည်ရွယ်ထားသည်။ ၎င်းတို့မှာ ကိုယ်ဝန်ဆောင်များနှင့် အသက်နှစ်နှစ်အောက် ကလေးရှိသည့် မိခင်များကို ငွေကြေး ပံ့ပိုးပေးခြင်း နှင့် လူမှု အမူအကျင့်များ ပြောင်းလဲစေရေးဆိုင်ရာ လုပ်ငန်းရပ်များ (Social and Behavioral Change - SBC) ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။ လူမှုအမူအကျင့်ပြောင်းလဲရေး လုပ်ငန်းများတွင် အာဟာရနှင့် တကိုယ်ရေသန့်ရှင်းမှုတိုးတက်ရေးကို ရည်ရွယ်ထားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နှင့် ဒေသခံ ကျန်းမာရေး ပညာရှင်များ၏ ပံ့ပိုးမှုဖြင့် ကောင်းမွန်သော ကျန်းမာရေးကို ဦးတည်သည့် အမူအကျင့် များ စူးစမ်း ကျင့်သုံးမှုတို့ဖြစ်လာစေရေးလည်း ပါဝင်ပါသည်။ မိခင်များအား ငွေကြေးပံ့ပိုးပေးမှုသည် မိခင်နှင့်ကလေးများအတွက် အာဟာရ ပြည့်ဝသော အစားအသောက်များကို ဖြည့်စွက်စားသုံးခြင်း နှင့် ကျန်းမာရေးကိစ္စများတွင် အသုံးပြုနိုင်ရန် ရည်ရွယ်ထားပါသည်။ သို့ရာတွင် အစီအစဉ်၏ ရေရှည်အောင်မြင်မှုမှာ အာဟာရနှင့်ဆိုင်သော အဓိကအမူအကျင့်များ ပြောင်းလဲနိုင်မှုအပေါ်တွင် မူတည်ပါသည်။

Livelihoods and Food Security Fund

UKaid European Union Australian Aid USAID Canada Irish Aid

Managed by UNOPS

## လုပ်ငန်းပြီးစီးမှုများနှင့် အရေးပါသည့် အောင်မြင်မှုအချက်များ

- မိခင်နှင့်ကလေးများ၏ အာဟာရမပြည့်ဝမှုကြောင့် ဆိုးကျိုးများရရှိခဲ့ကြောင်း သက်သေသာဓကများ ပေးအပ်ခဲ့ပြီး ၎င်းတို့ကို မည့်သို့ ဖြေရှင်းဆောင်ရွက်သင့်ကြောင်း ရှင်းလင်းတိကျသည့် အကြံပြုချက်များ ဖော်ထုတ်ခဲ့သည်။
- မိခင်များ နှင့် ကလေးများ၏ အာဟာရပြည့်ဝမှုအပေါ် အလေးထားဆောင်ရွက်မည့် မဟာဗျူဟာကို အစိုးရမှ ရည်မှန်းချက် ကြီးစွာ ရေးဆွဲထုတ်ပြန်ခဲ့သည်။ ယင်းမှာ ပြည်ထောင်စုဝန်ကြီးအပါအဝင် လူမှု ဝန်ထမ်းဦးစီး ဌာန အထက်တန်း အရာရှိများ၏ ခိုင်မာ အားကောင်းသော ဦးဆောင်မှု နှင့် အဆင့်မြင့်ပိုင်းမှ လက်ခံအတည်ပြုမှုတို့နှင့်လည်း ကိုက်ညီနေပါသည်။ အစီအစဉ်ကို ရှေ့ဆက်ဆောင်ရွက်ရာတွင် ဌာန ဆိုင်ရာများ သည် အလွန်အရေးပါသည့် အခန်းကဏ္ဍများမှ ပါဝင်ဝင်ဆောင်ရွက်ခဲ့ကြပြီး မှန်မှန်ကန်ကန်နှင့် လုံလောက်သော အရင်းအမြစ်များဖြစ်ထွန်းရန် ဆောင်ရွက်ခဲ့သည်။
- ၂၀၁၈ခုနှစ်တွင် စတင်အတည်ပြုခဲ့သော ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ် စီမံကိန်း (Multi-Sectoral National Plan of Action for Nutrition, MS-NPAN)သည် မြန်မာနိုင်ငံရှိ အာဟာရမပြည့်ဝမှုကို ကိုင်တွယ် ဖြေရှင်းရန်အတွက် အမျိုးသားအဆင့် မူဘောင်ဖြစ်ပါသည်။ ၎င်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှင့် ပညာရေးဝန်ကြီး ဌာနတို့ ပူးပေါင်းပြီး ဦးစီးဆောင်ရွက်ကြပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်သည့် MCCT နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အာဟာရအစီအစဉ်များကို ယင်းမဟာဗျူဟာနှင့်အညီ ဖော်ဆောင် ထားသည်။
- ဤအစီအစဉ်ဖြစ်မြောက်စေရန်အတွက် ပါဝင်ဆောင်ရွက်သူအများအပြားမှ ပူးပေါင်းအားထုတ်ခဲ့ကြသည်။ အလှူရှင်များ၊ ကုလသမဂ္ဂအဖွဲ့များ နှင့် အန်န်ဂျီအိုများသည် လူမှုဝန်ထမ်းဦးစီးဌာနအား အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ အကောင်ထည်ဖော်ခြင်း နှင့် ရန်ပုံငွေချမှတ်ခြင်းတို့တွင် ပံ့ပိုး ကူညီခဲ့ပြီး ရန်ပုံငွေ၊ နည်းပညာ နှင့် ကနဦး စပ်းသပ်ဆောင်ရွက်မှု အတွေ့အကြုံများကို လိုအပ်သည့် အခါတိုင်း အချိန်နှင့်တပြေးညီ အထောက်အကူပေးခဲ့သည်။
- အရေးပါသည့် စီမံချက်လုပ်ငန်းများကို အရှိန်အဟုန် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်မှုများမှာ ကျေနပ် အားရဖွယ် ကောင်းလှပါသည်။ ထိုဆောင်ရွက်မှုသည် မူဝါဒအပြောင်းအလဲအပေါ်တွင် အထောက်အပံ့ ဖြစ်ခဲ့ပြီး အစီအစဉ်ကိုလည်း ပိုမိုကျယ်ပြန့်လာစေခဲ့သည်။

(version 2) updated to above layout.

# မြန်မာနိုင်ငံရှိ မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးခြင်း အစီအစဉ်

## မြန်မာနိုင်ငံရှိ အာဟာရချို့တဲ့မှု

ပုညက်မှုသည် အာဟာရမပြည့်ဝခြင်း၏ အဓိကညွှန်းကိန်းဖြစ်ပြီး မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေး ဆိုင်ရာ အချက်အလက် စစ်တမ်း (၂၀၁၅-၂၀၁၆) အရ မြန်မာနိုင်ငံတွင် အသက် ငါးနှစ်အောက် ကလေးများ၏ ၂၉ရာခိုင်နှုန်းမှာ ပုညက်နေပါသည်။ ချင်းနှင့်ရခိုင် ပြည်နယ်များကဲ့သို့ ပိုမိုနွမ်းပါးသည့် ဒေသများရှိ ပုညက်နှုန်းမှာ ကျန်ဒေသများထက် သိသိသာသာမြင့်မားလျက်ရှိသည်။

## မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးမှု၏ ကနဦးအစနှင့် အစိုးရ၏ ခိုင်မာသော ကတိကဝတ်ပြုမှု

အေဂျင်စီအများအပြားပံ့ပိုးပါဝင်သည့် ပထမဆုံးသော အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ စီမံချက်ကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ၂၀၁၄ခုနှစ်တွင် ရေးဆွဲခဲ့သည်။ အချိန်ကာလတခုအတွင်း တနိုင်ငံလုံးလွှမ်းခြုံနိုင်မည့် အားလုံးအကျုံးဝင်ပါဝင်သော လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်တခုကို ထူထောင်ရန်အတွက် ရည်မှန်းချက် ပန်းတိုင်တခု ချမှတ်ခဲ့သည်။ ၎င်းအစီအစဉ်ကို လူမှုဝန်ထမ်းဦးစီးဌာနက စီမံခန့်ခွဲပြီး ကိုယ်ဝန်ဆောင် မိခင်များ၊ ကလေးများ၊ မသန်စွမ်း နှင့် သက်ကြီးရွယ်အိုများကဲ့သို့သော ထိခိုက်လွယ်ပြီး အခြေခံဝန်ဆောင်မှုများကို လက်လှမ်းမမီကြသည့် ရပ်ရွာလူထုများအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ပါသည်။ ကိုယ်ဝန်ဆောင် မိခင်များ နှင့် အသက် နှစ်နှစ်အောက် ကလေးငယ်များကို ပံ့ပိုးပေးရန်မှာ အရေးကြီးသည့် ဦးစားပေးကဏ္ဍဖြစ်ရာ ယင်းမှ မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးသည့် အစီအစဉ် (ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးပံ့ပိုးခြင်း - Maternal and child cash transfer - MCCT) ဖြစ်ထွန်းလာခဲ့သည်။

MCCT အစီအစဉ်သည် ကလေးများကို ပုညက်ခြင်းမှ ကာကွယ်ရန်အတွက် နည်းလမ်းနှစ်သွယ် ပေါင်းစပ်အသုံးပြုရန် ရည်ရွယ် ထားသည်။ ၎င်းတို့မှာ ကိုယ်ဝန်ဆောင်များနှင့် အသက်နှစ်နှစ်အောက် ကလေးရှိသည့် မိခင်များကို ငွေကြေးပံ့ပိုးပေးခြင်း နှင့် လူမှု အမူအကျင့်များ ပြောင်းလဲစေရေးဆိုင်ရာ လုပ်ငန်းရပ်များ (Social and Behavioral Change, SBC) ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။ လူမှုအမူအကျင့်ပြောင်းလဲရေး လုပ်ငန်းများတွင် အာဟာရနှင့် တကိုယ်ရေသန့်ရှင်းမှုတိုးတက်ရေးကို ရည်ရွယ်ထားပြီး ကျန်းမားရေးနှင့် အားကစားဝန်ကြီးဌာန နှင့် ဒေသခံ ကျန်းမာရေး ပညာရှင်များ၏ ပံ့ပိုးမှုဖြင့် ကောင်းမွန်သော ကျန်းမာရေးကို ဦးတည်သည့် အမူအကျင့် များ စူးစမ်းကျင့်သုံးမှုတို့ဖြစ်လာစေရေးလည်း ပါဝင်ပါသည်။ မိခင်များအား ငွေကြေးပံ့ပိုးပေးမှုသည် မိခင်နှင့်ကလေးများအတွက် အာဟာရ ပြည့်ဝသော အစားအသောက်များကို ဖြည့်စွက်စားသုံးခြင်း နှင့် ကျန်းမာရေးကိစ္စများတွင် အသုံးပြုနိုင်ရန် ရည်ရွယ်ထားပါသည်။ သို့ရာတွင် အစီအစဉ်၏ ရေရှည်အောင်မြင်မှုမှာ အာဟာရနှင့်ဆိုင်သော အဓိကအမူအကျင့်များ ပြောင်းလဲနိုင်မှုအပေါ်တွင် မူတည်ပါသည်။

## လုပ်ငန်းပြီးစီးမှုများနှင့် အရေးပါသည့် အောင်မြင်မှုအချက်များ

- မိခင်နှင့်ကလေးများ၏ အာဟာရမပြည့်ဝမှုကြောင့် ဆိုးကျိုးများရရှိခဲ့ကြောင်း သက်သေသာဓကများ ပေးအပ်ခဲ့ပြီး ၎င်းတို့ကို မည့်သို့ ဖြေရှင်းဆောင်ရွက်သင့်ကြောင်း ရှင်းလင်းတိကျသည့် အကြံပြုချက်များ ဖော်ထုတ်ခဲ့သည်။
- မိခင်များ နှင့် ကလေးများ၏ အာဟာရပြည့်ဝမှုအပေါ် အလေးထားဆောင်ရွက်မည့် မဟာဗျူဟာကို အစိုးရမှ ရည်မှန်းချက် ကြီးစွာ ရေးဆွဲထုတ်ပြန်ခဲ့သည်။ ယင်းမှာ ပြည်ထောင်စုဝန်ကြီးအပါအဝင် လူမှုဝန်ထမ်းဦးစီးဌာန အထက်တန်း အရာရှိများ၏ ခိုင်မာ အားကောင်းသော ဦးဆောင်မှု နှင့် အဆင့်မြင့်ပိုင်းမှ လက်ခံအတည်ပြုမှုတို့နှင့်လည်း ကိုက်ညီနေပါသည်။ အစီအစဉ်ကို ရှေ့ဆက်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများသည် အလွန်အရေးပါသည့် အခန်းကဏ္ဍများမှ ပါဝင်ဝင်ဆောင်ရွက်ခဲ့ကြပြီး မှန်မှန်ကန်ကန်နှင့် လုံလောက်သော အရင်းအမြစ်များဖြစ်ထွန်းရန် ဆောင်ရွက်ခဲ့သည်။
- ၂၀၁၈ခုနှစ်တွင် စတင်အတည်ပြုခဲ့သော ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း (Multi-Sectoral National Plan of Action for Nutrition, MS-NPAN)သည် မြန်မာနိုင်ငံရှိ အာဟာရမပြည့်ဝမှုကို ကိုင်တွယ် ဖြေရှင်းရန်တွက် အမျိုးသားအဆင့် မူဘောင်ဖြစ်ပါသည်။ ၎င်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှင့် ပညာရေးဝန်ကြီးဌာနတု့ိပူးပေါင်းပြီး ဦးစီးဆောင်ရွက်ကြပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်သည့် MCCT နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အာဟာရအစီအစဉ်များကို ယင်းမဟာဗျူဟာနှင့်အညီ ဖော်ဆောင်ထားသည်။
- ဤအစီအစဉ်ဖြစ်မြောက်စေရန်အတွက် ပါဝင်ဆောင်ရွက်သူအများအပြားမှ ပူးပေါင်းအားထုတ်ခဲ့ကြသည်။ အလှူရှင်များ၊ ကုလသမဂ္ဂအဖွဲ့များ နှင့် အန်န်ဂျီအိုများသည် လူမှုဝန်ထမ်းဦးစီးဌာနအား အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ အကောင်ထည်ဖော်ခြင်း နှင့် ရန်ပုံငွေချမှတ်ခြင်းတို့တွင် ပံ့ပိုးကူညီခဲ့ြပ်ီး ရန်ပုံငွေ၊ နည်းပညာ နှင့် ကနဦး စပ်းသပ်ဆောင်ရွက်မှု အတွေ့အကြုံများကို လိုအပ်သည့်အခါတိုင်း အချိန်နှင့်တပြေးညီ အထောက်အကူပေးခဲ့သည်။
- အရေးပါသည့် စီမံချက်လုပ်ငန်းများကို အရှိန်အဟုန် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်မှုများမှာ ကျေနပ်အားရဖွယ် ကောင်းလှပါသည်။ ထိုဆောင်ရွက်မှုသည် မူဝါဒအပြောင်းအလဲအပေါ်တွင် အထောက်အပံ့ဖြစ်ခဲ့ပြီး အစီအစဉ်ကိုလည်း ပိုမိုကျယ်ပြန့်လာစေခဲ့သည်။

# (version 1)
# မြန်မာနိုင်ငံရှိ မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးခြင်း အစီအစဉ်

## မြန်မာနိုင်ငံရှိ အာဟာရချို့တဲ့မှု

ပုညက်မှုသည် အာဟာရမပြည့်ဝခြင်း၏ အဓိကညွှန်းကိန်းဖြစ်ပြီး မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေး ဆိုင်ရာ အချက်အလက် စစ်တမ်း (၂၀၁၅-၂၀၁၆) အရ မြန်မာနိုင်ငံတွင် အသက် ငါးနှစ်အောက် ကလေးများ၏ ၂၉ရာခိုင်နှုန်းမှာ ပုညက်နေပါသည်။ ချင်းနှင့်ရခိုင် ပြည်နယ်များကဲ့သို့ ပိုမိုနွမ်းပါးသည့် ဒေသများရှိ ပုညက်နှုန်းမှာ ကျန်ဒေသများထက် သိသိသာသာမြင့်မားလျက်ရှိသည်။

## မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးမှု၏ ကနဦးအစနှင့် အစိုးရ၏ ခိုင်မာသော ကတိကဝတ်ပြုမှု

အေဂျင်စီအများအပြားပံ့ပိုးပါဝင်သည့် ပထမဆုံးသော အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ စီမံချက်ကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ၂၀၁၄ခုနှစ်တွင် ရေးဆွဲခဲ့သည်။ အချိန်ကာလတခုအတွင်း တနိုင်ငံလုံးလွှမ်းခြုံနိုင်မည့် အားလုံးအကျုံးဝင်ပါဝင်သော လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်တခုကို ထူထောင်ရန်အတွက် ရည်မှန်းချက် ပန်းတိုင်တခု ချမှတ်ခဲ့သည်။ ၎င်းအစီအစဉ်ကို လူမှုဝန်ထမ်းဦးစီးဌာနက စီမံခန့်ခွဲပြီး ကိုယ်ဝန်ဆောင် မိခင်များ၊ ကလေးများ၊ မသန်စွမ်း နှင့် သက်ကြီးရွယ်အိုများကဲ့သို့သော ထိခိုက်လွယ်ပြီး အခြေခံဝန်ဆောင်မှုများကို လက်လှမ်းမမီကြသည့် ရပ်ရွာလူထုများအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ပါသည်။ ကိုယ်ဝန်ဆောင် မိခင်များ နှင့် အသက် နှစ်နှစ်အောက် ကလေးငယ်များကို ပံ့ပိုးပေးရန်မှာ အရေးကြီးသည့် ဦးစားပေးကဏ္ဍဖြစ်ရာ ယင်းမှ မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးသည့် အစီအစဉ် (ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးပံ့ပိုးခြင်း - Maternal and child cash transfer - MCCT) ဖြစ်ထွန်းလာခဲ့သည်။

MCCT အစီအစဉ်သည် ကလေးများကို ပုညက်ခြင်းမှ ကာကွယ်ရန်အတွက် နည်းလမ်းနှစ်သွယ် ပေါင်းစပ်အသုံးပြုရန် ရည်ရွယ် ထားသည်။ ၎င်းတို့မှာ ကိုယ်ဝန်ဆောင်များနှင့် အသက်နှစ်နှစ်အောက် ကလေးရှိသည့် မိခင်များကို ငွေကြေးပံ့ပိုးပေးခြင်း နှင့် လူမှု အမူအကျင့်များ ပြောင်းလဲစေရေးဆိုင်ရာ လုပ်ငန်းရပ်များ ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။ လူမှုအမူအကျင့်ပြောင်းလဲရေး လုပ်ငန်းများ တွင် အာဟာရနှင့် တကိုယ်ရေသန့်ရှင်းမှုတိုးတက်ရေးကို အလေးထားဆောင်ရွက်ပြီး ဒေသခံ ကျန်းမာရေး ပညာရှင်များ၏ ပံ့ပိုးမှုဖြင့် ကောင်းမွန်သော ကျန်းမာရေးကို ဦးတည်သည့် အမူအကျင့်များ စူးစမ်းကျင့်သုံးမှုတို့ဖြစ်လာစေရေးလည်း ပါဝင်ပါသည်။

## တနိုင်ငံလုံးအတိုင်းအတာသို့ရောက်ရှိရေးအတွက် ရဲဝင့်စွာ ဆောင်ရွက်မှု

မန္တလေး၊ ဧရာဝတီ နှင့် ရခိုင်ဒေသများရှိ MCCT အစီအစဉ်သည် LIFT ၏ ပံ့ပိုးမှုဖြင့် ကျေးရွာပေါင်း ၇၂၂ရွာရှိ မိခင်ပေါင်း ၂၈,၀၀၀ ကျော်ကို ငါးနှစ်တာကာလအတွင်း အကျိုးကျေးဇူးဖြစ်ထွန်းစေခဲ့သည်။ အဆိုပါ စီမံချက်များမှ ရရှိခဲ့သည့် အလွန်အဖိုးထိုက်တန်သော လေ့လာသင်ယူမှုများ နှင့် အတွေ့အကြုံများသည် ၂၀၁၇ခုနှစ်တွင် စတင်ခဲ့သော လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးဆောင်ရွက်သည့် ချင်းပြည်နယ် MCCT အစီအစဉ်တွင် ယုံကြည်မှု နှင့် လမ်းညွှန်မှုများ ပေးအပ်နိုင်ခဲ့သည်။

ချင်းပြည်နယ် အစီအစဉ်သည် မိခင်နှင့် ကလေးပေါင်း ၃၀,၀၀၀ ကျော်ကို အကျိုးကျေးဇူး ဖြစ်ထွန်းစေခဲ့သည်။ အဆိုပါအစီအစဉ်သည် ပြည်နယ် တခုလုံးလွှမ်းခြုံဆောင်ရွက်သော ပထမဆုံးအစီအစဉ်လည်းဖြစ်ပါသည်။ ယင်းသို့အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်မှုသည် ရှေ့သို့ဆက်လက်ဆောင်ရွက်ရန် သိသိသာသာ အထောက်အပံ့ဖြစ်ခဲ့သည်။ အင်တိုက်အားတိုက် နှင့် အရှိန်အဟုန်ကောင်းများရှိထားပြီးဖြစ်ကာ အခွင့်အလမ်းများဖော်ဆောင်ပေးသည့် ၎င်းအစီအစဉ်ဆောင်ရွက်မှုနည်းလမ်းတွင် ရင်းနှီးမြှုပ်နှံရန် လူမှုဝန်ထမ်းဦးစီးဌာန၊ အလှူရှင်များနှင့် မိတ်ဖက်အဖွဲ့များက လက်ခံခဲ့ကြသည်။ အခက်အခဲများကို ကျော်လွှားကာ အဆင်မပြေမှုများမှ သင်ခန်းစာအဖြစ် ရယူနိုင်ခဲ့သည့် ယခုကဲ့သို့ အားထုတ်ဆောင်ရွက်မှု နှင့် အခွင့်အလမ်းများ ပေးအပ်နိုင်မှုသည် MCCT လုပ်ငန်းရပ်တခုလုံး၏ အခရာကျသော ဝိသေသတခု ဖြစ်ခဲ့သည်။

## လုပ်ငန်းပြီးစီးမှုများနှင့် အရေးပါသည့် အောင်မြင်မှုအချက်များ

- မိခင်နှင့်မွေးကင်းစကလေးများ၏ အာဟာရမပြည့်ဝမှုကြောင့် ဆိုးကျိုးများရရှိခဲ့ကြောင်း သက်သေသာဓကများ ပေးအပ်ခဲ့ပြီး ၎င်းတို့ကို မည့်သို့ ဖြေရှင်းဆောင်ရွက်သင့်ကြောင်း ရှင်းလင်းတိကျသည့် အကြံပြုချက်များ ဖော်ထုတ်ခဲ့သည်။
- မိခင်များ နှင့် ကလေးများ၏ အာဟာရပြည့်ဝမှုအပေါ် အလေးထားဆောင်ရွက်မည့် မဟာဗျူဟာကို အစိုးရမှ ရည်မှန်းချက် ကြီးစွာ ရေးဆွဲထုတ်ပြန်ခဲ့သည်။ ယင်းမှာ ပြည်ထောင်စုဝန်ကြီးအပါအဝင် လူမှုဝန်ထမ်းဦးစီးဌာန အထက်တန်း အရာရှိများ၏ ခိုင်မာ အားကောင်းသော ဦးဆောင်မှု နှင့် အဆင့်မြင့်ပိုင်းမှ လက်ခံအတည်ပြုမှုတို့နှင့်လည်း ကိုက်ညီနေပါသည်။ အစီအစဉ်ကို ရှေ့ဆက်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများသည် အလွန်အရေးပါသည့် အခန်းကဏ္ဍများမှ ပါဝင်ဝင်ဆောင်ရွက်ခဲ့ကြပြီး မှန်မှန်ကန်ကန်နှင့် လုံလောက်သော အရင်းအမြစ်များဖြစ်ထွန်းရန် ဆောင်ရွက်ခဲ့သည်။
- ဤအစီအစဉ်ဖြစ်မြောက်စေရန်အတွက် ပါဝင်ဆောင်ရွက်သူအများအပြားမှ ပူးပေါင်းအားထုတ်ခဲ့ကြသည်။ အလှူရှင်များ၊ ကုလသမဂ္ဂအဖွဲ့များ နှင့် အန်န်ဂျီအိုများသည် လူမှုဝန်ထမ်းဦးစီးဌာနအား အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ အကောင်ထည်ဖော်ခြင်း နှင့် ရန်ပုံငွေချမှတ်ခြင်းတို့တွင် ပံ့ပိုးကူညီခဲ့ပြ့ီး ရန်ပုံငွေ၊ နည်းပညာ နှင့် ကနဦး စပ်းသပ်ဆောင်ရွက်မှု အတွေ့အကြုံများကို လိုအပ်သည့်အခါတိုင်း အချိန်နှင့်တပြေးညီ အထောက်အကူပေးခဲ့သည်။
- အရေးပါသည့် စီမံချက်လုပ်ငန်းများကို အရှိန်အဟုန် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်မှုများမှာ ကျေနပ်အားရဖွယ် ကောင်းလှပါသည်။ ထိုဆောင်ရွက်မှုသည် မူဝါဒအပြောင်းအလဲအပေါ်တွင် အထောက်အပံ့ဖြစ်ခဲ့ပြီး အစီအစဉ်ကိုလည်း ပိုမိုကျယ်ပြန့်လာစေခဲ့သည်။

- အဓိက ပတ်သက်ဆက်နွယ်သူများ၏ ပေါင်းစည်းမှုအားသည် လက်ရှိအချိန်ထိ စီမံကိန်းအောင်မြင်နေမှု၏ သော့ချက် ဖြစ်ပါသည်။ အလှူရှင်များ၏ ပံ့ပိုးမှု၊ အဖွဲ့အစည်းများ၏ အကောင်ထည်ဖော်မှုနှင့် လက်တွေ့ကျပြီး အခက်အခဲစိန်ခေါ်မှုများကို ကြံ့ကြံ့ခံနိုင်သော လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းကို လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ခံကျင့်သုံးမှုတို့မှ အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာခဲ့ပြီ ဖြစ်သည်။